## ၄။ ပျပိုး

**Groundnut Aphids/Cowpea aphids: *Aphids craccivora* (C. L. Koch, 1854)**

**Hemiptera: Aphididae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**




အကောင်များအား အဝါရောင်၊ အမဲရောင် နှင့် စိမ်းမဲရောင်များအဖြစ် မြင်တွေ့ရသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပိုးမသည်အကောင်များနှင့် အတောင်မပါသော အကောင်ကြီးများသည် အပင်၏ ထိပ်ဖျားပိုင်းများ၊ အရွက်များ၊ အဖူးများနှင့် ပင်စည်များတွင်ကျရောက်ဖျက်ဆီးသည်။ ပျပိုးများသည် အပင်ရောဂါများကိုလည်း သယ်ဆောင်ကူးစက်စေသည်။ အသီးများမှ ဂွမ်းများ ထွက်ချိန်တွင် ပျပိုးကျရောက်ပါက ပျပိုးမှထွက်ရှိသော ပျားရည်အစက်များကြောင့် ဂွမ်းမွှေးများအား စွန်းထင်းစေနိုင်သည်။ ထို့အပြင်အမဲရောင်မှိုများလည်း ကျ ရောက် တတ်ပါသည်။

**ဘဝစက်ဝန်း**

ဥအဆင့် – (၃-၅)ရက်

ပိုးမမည်အဆင့် -(၇-၁၁)ရက်

ရုပ်ဖုံးအဆင့် -(၉-၁၁)ရက်

အကောင်ကြီးအဆင့် -(၁၂-၃၁)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပတ်ဝန်းကျင်ရှိ ပဲမျိုးရင်းဝင်အပင်များနှင့် ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများအားရွေးချယ်စိုက်ပျိုးပါ။

(၃) အဝါရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၄)နံနက်စောစော စိုက်ခင်းပတ်ဝန်းကျင် လေတင်ဘက်မှ မီးခိုးမှိုင်း တိုက်ပါ။

(၅)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ်ဒ် (Imidacloprid 600FS /Imidacloprid 70SS) ဆေးဖြင့်လူးနယ်စိုက်ပျိုးပါ။

(၆)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)